# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၈/ ၂၀၂၄)

၂၀၂၄ ခုနှစ်၊ မတ်လ(၂၁) ရက်

| ၂၁ - ၃ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၈၆.၇ |
| စင်္ကာပူဒေါ်လာ | ၁,၅၆၆.၉ |
| စတာလင်ပေါင် | ၂,၆၈၀.၇ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၈၈.၄ |
| တရုတ်ယွမ် | ၂၉၁.၆၉ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၅၂ |
| အိန္ဒိယရူပီး | ၂၅.၂၅၇ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၈.၁၅ |
| မလေးရှား ရင်းဂစ် | ၄၄၅.၄၃ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၄၄၀ |
| ထိုင်းဘတ် | ၅၈.၂၃၆ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၄၆၉၄ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- တရုတ်နိုင်ငံသို့ ပါကစ္စတန်မှ နှမ်းတင်ပို့မှု (၁၂၆.၃)ရာခိုင်နှုန်း မြင့်တက်လာ
- တရုတ်နိုင်ငံတွင် Luckin Coffee သည် Starbucks ၏ နှစ်စဉ်ရောင်းအား ထက် သာလွန်သွားခဲ့
- အိန္ဒိယသည် ဘရာဇီးနိုင်ငံမှ မတ်ပဲကို စတင်တင်သွင်း
- အိန္ဒိယအစိုးရက အရန်ရိက္ခာသိုလှောင်မှုအနေဖြင့် ယခုနှစ်တွင် ကြက်သွန်နီတန်ချိန်ငါးသိန်း ဝယ်ယူရန် စီစဉ်လျက်ရှိ
- အိန္ဒိယတွင် တောင်သူလယ်သမားများအနေဖြင့် ပဲမျိုးစုံနှင့် ဝါများအတွက် အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း ရရှိစေရန် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် သီးနှံအမျိုးအစားများ ပြောင်းလဲစိုက်ပျိုးရန် လိုအပ်
- ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်းသတင်း ထုတ်ပြန်ချက်

## တရုတ်နိုင်ငံသို့ ပါကစ္စတန်မှ နှမ်းတင်ပို့မှု (၁၂၆.၃)ရာခိုင်နှုန်း မြင့်တက်လာ

တရုတ်နိုင်ငံသို့ ပါကစ္စတန်မှ နှမ်းတင်ပို့မှုသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ (၂၉၀)သန်းကျော်ရှိခဲ့ပြီး တန်ဖိုးအားဖြင့် တစ်နှစ်ထက်တစ်နှစ် (၁၂၆.၂၉)% မြင့်တက်လာကြောင်း ပေကျင်းမြို့ရှိ ပါကစ္စတန်သံရုံးမှ ပြောကြားချက်အရ သိရှိရပါသည်။

တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံမှ နှမ်း(၁၆၆,၆၈၂.၉၈၇)တန် တင်သွင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် နှမ်း(၈၄,၉၈၅.၃၂)တန် တင်သွင်းခဲ့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် (၉၆.၁၃)% မြင့်တက်လာခဲ့ကြောင်းလည်း သိရှိရပါသည်။

GACC ၏ အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝှမ်းမှ အမေရိကန်ဒေါ်လာ (၁.၅၂)ဘီလီယံခန့် တန်ဖိုးရှိ နှမ်းတန်ချိန်(၉၁၂,၈၁၄.၅၇၇)ခန့် တင်သွင်းခဲ့ကြောင်း၊ အာဖရိကနိုင်ငံတစ်ခုဖြစ်သည့် နိုင်ဂျာနိုင်ငံသည် အမေရိကန်ဒေါ်လာ (၃၀၉.၅၁)သန်းတန်ဖိုးရှိ နှမ်း (၁၉၂,၅၂၉)တန် တင်ပို့ခဲ့ပြီး သုံးနှစ်ဆက်တိုက် တရုတ်နိုင်ငံသို့ နှမ်းတင်ပို့မှုတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိကြောင်း၊ ၎င်း၏ နောက်တွင် ပါကစ္စတန်သည် အမေရိကန်ဒေါ်လာ (၂၉၀.၆၆) သန်းနှင့် တန်ဇန်းနီးယားသည် အမေရိကန်ဒေါ်လာ (၂၃၉.၈၃)သန်းဖြင့် အသီးသီးရပ်တည်နေကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် ပါကစ္စတန်သည် တရုတ်နိုင်ငံ၏ နှမ်းတင်သွင်းမှုစုစုပေါင်း၏ (၁၉) ရာခိုင်နှုန်းခန့်ရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် နှမ်းဝယ်လိုအား တိုးလာနေမှုကြောင့် China Machinery Engineering Corporation (CMEC)က ဦးဆောင်သော Sino-Pak Agricultural Cooperation and Exchange Centre သည် ပါကစ္စတန်တောင်သူများနှင့် ကန်ထရိုက်စိုက်ပျိုးရေးကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပါကစ္စတန်ရှိ Pak-China နှမ်းကန်ထရိုက်စိုက်ပျိုးရေးစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သွားမည်ဖြစ်ပြီး ယခုနှစ်အတွင်း အဆိုပါစီမံကိန်းမှ အနည်းဆုံး နှမ်းတန်ချိန် (၅၀၀၀)တင်သွင်းရန် အစီအစဉ်ရှိသည်ဟု စီမံကိန်းမန်နေဂျာ Xi Jianlong က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် နှမ်းတန်ချိန် (၄၀၀)တင်သွင်းခဲ့ပြီး ယခုနှစ်တွင် အနည်းဆုံးတန်ချိန် (၅၀၀၀) တင်သွင်းသွားရန် စီစဉ်ထားကြောင်း၊ ၂၀၂၃ ခုနှစ်ကုန်တွင် စီမံကိန်းမှ ပထမအသုတ်နှမ်းများကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

တရုတ်နိုင်ငံ၏ နှမ်းတင်သွင်းမှုပမာဏသည် လွန်ခဲ့သည့် (၃)နှစ်အတွင်း တန်ချိန် (၁)သန်းခန့်ဖြင့် တည်ငြိမ်နေခဲ့ကြောင်း၊ ပါကစ္စတန်မှ နှမ်းများကို တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ တင်ပို့ရာတွင် ခန့်မှန်းခြေအားဖြင့် (၁၀)ရက်မှ (၁၅)ရက်အတွင်းသာ ကြာမြင့်သည်ဟု Xi က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၌ နှမ်းစိုက်ဧရိယာသည် ဧက (၂၀၀,၀၀၀)သာရှိခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် ဧက (၁)သန်းအထိ တိုးလာခဲ့ကြောင်း၊ ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေးအရင်းအမြစ်များနှင့် နည်းပညာဆိုင်ရာသင်တန်းများ ပံ့ပိုးပေးလျက်ရှိပြီး နှမ်းတစ်ဧကအထွက်နှုန်းသည် ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက နှစ်ဆနီးပါး တိုးလာကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်လက်များအရ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ နှမ်းတင်သွင်းမှုကျဆင်းသွားပြီး ပါကစ္စတန်နှင့် အာဖရိကနိုင်ငံများမှ နှမ်းတင်သွင်းမှု သိသိသာသာတိုးတက်လာသည်ကို တွေ့ရှိရသဖြင့် ယခုနှစ်တွင် မြန်မာ့နှမ်းများ ဈေးကွက်ဝေစု ထိန်းသိမ်းထားနိုင်ရေးအတွက် ဈေးနှုန်းအရယှဉ်ပြိုင်နိုင်ရန် အလေးထားဆောင်ရွက်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: - https://tribune.com.pk/story/2457694/china-to-import-5000-tons-of-sesame-in-fy24
- https://tribune.com.pk/story/2456698/sesame-exports-to-china-surge-1263

.........................................................................................................

## တရုတ်နိုင်ငံတွင် Luckin Coffee သည် Starbucks ၏ နှစ်စဉ်ရောင်းအားထက် သာလွန်သွားခဲ့

တရုတ်နိုင်ငံ၏ ပြည်တွင်းကော်ဖီဆိုင်လုပ်ငန်းတစ်ခုဖြစ်သည့် Luckin Coffee သည် ယခင်နှစ်တွင် Starbucks ၏ နှစ်စဉ်ရောင်းအားကို ကျော်လွန်ကာ တရုတ်ဈေးကွက်တွင် ပထမဆုံးအကြိမ် ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့ကြောင်း Securities Daily က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Luckin ၏ ဘဏ္ဍာရေးအစီရင်ခံစာအရ ကုမ္ပဏီသည် ၂၀၂၃ ခုနှစ်တွင် စုစုပေါင်းအသားတင်ဝင်ငွေ ယွမ် (၂၄.၉)ဘီလီယံ (အမေရိကန်ဒေါ်လာ ၃.၄၆ ဘီလီယံ)ရရှိခဲ့ပြီး ယခင်နှစ်ကထက် (၈၇.၃)ရာခိုင်နှုန်း တိုးလာကြောင်း၊ GAAP စာရင်းအင်းစည်းမျဉ်းများကိုအခြေခံ၍ တွက်ချက်မှုအရ

၎င်း၏လုပ်ငန်းလည်ပတ်အမြတ်ငွေသည် ယွမ် (၃.၀၃)ဘီလီယံရှိပြီး ၂၀၂၂ ခုနှစ်ထက် နှစ်ဆပိုများလာကြောင်း သိရှိရပါသည်။

တရုတ်ဈေးကွက်တွင် Luckin ၏ နှစ်စဉ်ရောင်းအားသည် ၂၀၂၃ ခုနှစ်တွင် ယွမ် (၂၄.၈၆) ဘီလီယံအထိရောက်ရှိခဲ့ကြောင်း၊ တရုတ်တွင် ကော်ဖီသောက်သုံးသူ သိသိသာသာများပြားလာပြီး ကော်ဖီသည် အဓိကစားသောက်ကုန်ဖြစ်လာခြင်းကြောင့် Luckin သည် တရုတ်ဈေးကွက်တွင် အကြီးဆုံးကော်ဖီဆိုင်ခွဲဖြစ်လာကြောင်း China General Chamber of Commerce ၏ ကျွမ်းကျင်ပညာရှင်ကော်မတီအဖွဲ့ဝင် Lai Yang မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ကော်ဖီဈေးကွက်သည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီး အမှတ်တံဆိပ်မျိုးစုံ ပိုမိုဝင်ရောက်လာခြင်းကြောင့် နိုင်ငံ၏ဈေးကွက်တွင် ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာမည်ဖြစ်ကြောင်း Luckin Coffee ၏ ဥက္ကဋ္ဌနှင့် CEO ဖြစ်သူ Guo Jinyi က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ နှစ်ကုန်တွင် Luckin ၏ ကော်ဖီဆိုင်အရေအတွက်သည် တစ်နှစ်ထက်တစ်နှစ် (၉၇.၈) ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီး ကိုယ်ပိုင်ကော်ဖီဆိုင် (၁၀,၆၂၈)ဆိုင်နှင့် မိတ်ဖက်ကော်ဖီဆိုင်ပေါင်း (၅,၆၂၀)အပါအဝင် ကော်ဖီဆိုင်ပေါင်း (၁၆,၂၄၈)ထိ ရှိလာခဲ့ကြောင်း သိရှိရပါသည်။

Luckin ၏ ပြိုင်ဘက်များအနက်မှ တစ်ခုဖြစ်သော Cotti Coffee သည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နိုင်ငံတစ်ဝှမ်းတွင် ၎င်း၏ ကော်ဖီဆိုင်အရေအတွက်သည် (၇,၀၀၀) သို့ ရောက်ရှိခဲ့သည်ဟု ကြေငြာခဲ့ကြောင်း သိရှိရပါသည်။

တရုတ်ပြည်တွင်း၌ ကော်ဖီဆိုင်စုစုပေါင်း (၅၀,၀၀၀)ကျော်ရှိလာရာ ကမ္ဘာပေါ်တွင် အများဆုံးဖြစ်လာသည်ဟု ကမ္ဘာလုံးဆိုင်ရာကော်ဖီဈေးကွက်ရှာဖွေရေးကုမ္ပဏီ Allegra World Coffee Portal မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

ဈေးကွက်သစ်များနှင့် ပြည်ပဈေးကွက်များသည် Luckin ၏ ဦးတည်ချက်အသစ် ဖြစ်လာကြောင်း၊ ၂၀၂၃ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ Luckin ၏ ကော်ဖီဆိုင်အရေအတွက် (၃၀)ရှိနေပြီ ဖြစ်ပြီး အနာဂတ်တွင် Luckin သည် နိုင်ငံရပ်ခြားဈေးကွက်များတွင် ဆက်လက်ဖွံ့ဖြိုးတိုးတက် လာမည်ဟု ကုမ္ပဏီ၏ ၂၀၂၃ ခုနှစ် တတိယသုံးလပတ်ရလဒ်များ အစည်းအဝေးတွင် Guo Jinyi က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ကော်ဖီဈေးကွက်တွင် ပြိုင်ဆိုင်မှုပြင်းထန်လာခြင်းကြောင့် Luckin သည် အဆင့်မြင့်မြို့ကြီးများရှိ ကော်ဖီဆိုင်အရေအတွက်ကို ဆက်လက်တိုးမြှင့်ကာ ဈေးကွက်ဝေစုကို

Agribusiness & Trade

ပိုမိုချဲ့ထွင်ရန်အတွက် မိတ်ဖက်ပုံစံဖြင့် ဈေးကွက်ချဲ့ထွင်မှုကို အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း Guo က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ရေရှည်တွင် နိုင်ငံ၏ကော်ဖီဈေးကွက်သည် ပိုမိုကျယ်ပြန့်လာမည်ဖြစ်သော်လည်း ရေတိုတွင် ဈေးနှုန်းယှဉ်ပြိုင်မှုများ ဆက်လက်ဖြစ်ပေါ်နေမည့်အပြင် ကော်ဖီဆိုင်အများအပြား ပေါ်ပေါက်လာသဖြင့် လက်ရှိဈေးကွက်တွင် ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာမည်ဟု Lai က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် အချို့သော ကော်ဖီအမှတ်တံဆိပ်များသည် လက်ရှိဈေးကွက်တွင် ပုံမှန်ဖောက်သည်များ မရရှိသေးသည့်အပြင် အမှတ်တံဆိပ်အသစ်အမြောက်အများ ပေါ်ပေါက်လာခြင်းသည် စားသုံးသူများကို ပိုမိုပြောင်းလဲစေမည်ဟု Lai က ဆက်လက်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ကော်ဖီဈေးကွက်သည် အရှိန်အဟုန်ဖြင့် တိုးတက်နေပြီး ကော်ဖီဆိုင်အရေအတွက်သည် အမေရိကန်နိုင်ငံထက်ပင် များပြားလာကြောင်း လေ့လာသိရှိရသဖြင့် မြန်မာ့ကော်ဖီစေ့များကို တရုတ်နိုင်ငံရှိ ကော်ဖီဆိုင်လုပ်ငန်းများသို့ တင်ပို့ရောင်းချနိုင်ပါက ကော်ဖီစိုက်တောင်သူများအတွက် ရေရှည်အကျိုးရှိမည့် ဈေးကွက်အခွင့်အလမ်းတစ်ခုဖြစ်ပါကြောင်း သုံးသပ်ရရှိပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: https://www.chinadaily.com.cn/a/202402/26/WS65dc4065a31082fc043b91e3.html

## အိန္ဒိယသည် ဘရာဇီးနိုင်ငံမှ မတ်ပဲကို စတင်တင်သွင်း

အိန္ဒိယနိုင်ငံသည် နိုင်ငံအနည်းငယ်ထံမှ ပဲတင်သွင်းမှုအပေါ် မှီခိုနေရမှုအား လျှော့နိုင်ရန်နှင့် ပြည်တွင်းထွက်ရှိမှုကျဆင်းမှုကို ဖြည့်ဆည်းရန်အတွက် ဘရာဇီးမှ မတ်ပဲများကို ပထမဆုံးအကြိမ်အဖြစ် စတင်တင်သွင်းခဲ့ကြောင်းသိရသည်။

တောင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘရာဇီးမှ မတ်ပဲ တန်ချိန် ၃၀၀၀ ခန့် ပထမဆုံး တင်ပို့မှုရောက်ရှိလာကြောင်း၊ မတ်ပဲနှင့် ပဲစင်းငုံ တင်သွင်းမှုအတွက် နိုင်ငံတစ်ခုတည်းအပေါ် မှီခိုနေရမှုအား လျှော့ချနိုင်ရန်အတွက် ဘရာဇီးနဲ့ အာဂျင်တီးနားနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်းနှင့် ယခုနှစ်အတွင်း ဘရာဇီးမှ အိန္ဒိယသို့ မတ်ပဲ တန်ချိန် ၂၀,၀၀၀ ခန့် တင်သွင်းဖွယ်ရှိသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားထားကြောင်း သိရှိရသည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် မတ်ပဲနှင့် ပဲစဉ်းငုံများ တင်သွင်းနိုင်ရန် ဘရာဇီး၊ အာဂျင်တီးနားနိုင်ငံတို့နှင့် ဆက်တိုက်ဆွေးနွေးလျှက်ရှိကြောင်း၊ လက်ရှိတွင် အိန္ဒိယသည် မတ်ပဲကို မြန်မာနိုင်ငံနှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး၍ တင်သွင်းလျှက်ရှိကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းလုံခြုံရေးဆိုင်ရာ အခြေအနေများကြောင့် တင်သွင်းမှုဆိုင်ရာ အခက်အခဲတစ်ချို့ ရှိနေကြောင်း ဖော်ပြထားသည်။

ဘရာဇီးနှင့် အာဂျင်တီးနားတို့တွင် ပဲမျိုးစုံ ပြည်တွင်းစားသုံးမှုမှာနည်းပါးသော်လည်း ရာသီဥတုအခြေအနေကိုက်ညီမှုကြောင့် မတ်ပဲနှင့် ပဲစဉ်းငုံတို့ကို စိုက်ပျိုးနိုင်သည့်အတွက် အိန္ဒိယနိုင်ငံသို့ တင်ပို့ရန်ရည်ရွယ်၍ စိုက်ပျိုးနိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ပဲမျိုးစုံ တန်ချိန် ၂.၉၈ သန်း တင်သွင်းခဲ့ရာ ပဲနီလေး တန်ချိန် ၁.၅၁ သန်း၊ ပဲစဉ်းငုံ တန်ချိန် ၀.၇၇ သန်း၊ မတ်ပဲတန်ချိန် ၀.၅၉ သန်း တို့ကို သြစတေးလျ၊ ကနေဒါ၊ မြန်မာ၊ မိုဇမ်ဘစ်၊ တန်ဇန်းနီးယား၊ ဆူဒန်နှင့် မာလာဝီနိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အစိုးရက အဓိက ပဲသုံးမျိုးဖြစ်သည့် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးတို့ကို သွင်းကုန်အခွန်မဲ့ စနစ်ဖြင့် ၂၀၂၅ ခုနှစ် မတ်လအထိ တင်သွင်းခြင်းဆိုင်ရာ မူဝါဒတစ်ရပ်ကို ချမှတ်ထားသဖြင့် တင်ပို့သည့်နိုင်ငံများရှိ တောင်သူများအနေဖြင့် ပဲမျိုးစုံကို ကြိုတင်စဉ်းစား စိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံ တန်ချိန် ၂၈ သန်းခန့် ထုတ်လုပ်နေပြီး ပြည်တွင်းစားသုံးမှုအတွက် ဖူလုံမှုရှိပါကြောင်း၊ သို့ရာတွင် ပဲအမျိုးအစားအလိုက် ထုတ်လုပ်မှုနှင့် စားသုံးမှုအရ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေး အမျိုးအစားများမှာ ဈေးကွက်အတွက် တင်သွင်းရန် လိုအပ်လျှက်ရှိနေကြောင်း သတင်းရင်းမြစ်များက ဆိုသည်။

အိန္ဒိယသည် ခုနှစ်၊ ပဲစင်းငုံလက်လီဈေးသည် တစ်ကီလိုလျှင် ရူပီး ၂၀၀ အထိ မြင့်တက်ခဲ့သည့် ၂၀၁၆ ခုနှစ်တွင် နှစ်စဉ်တန်ချိန် ၂ သိန်း တင်သွင်းရန်အတွက် မိုဇမ်ဘစ်နှင့် နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ယင်းနားလည်မှုစာချွန်လွှာကို နောက်ထပ်ငါးနှစ် သက်တမ်းတိုးခဲ့သည်။

၂၀၂၁ ခုနှစ်တွင် အိန္ဒိယသည် မာလာဝီနိုင်ငံနှင့် နှစ်စဉ် ပဲစင်းငုံတန်ချိန် ၅ သောင်းဖြင့် ငါးနှစ်တင်သွင်းရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ ထို့အတူ အိန္ဒိယသည် မြန်မာနိုင်ငံနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားပြီး ပဲစင်းငုံ တန်ချိန် ၁ သိန်းနှင့် မတ်ပဲ ၂.၅ သိန်းကို ၂၀၂၆ ခုနှစ်အထိ တင်သွင်းရန် ကတိပြုထားသည်။

Agribusiness & Trade

အိန္ဒိယနိုင်ငံတွင်ပဲမျိုးစုံဈေးနှုန်းကြီးမြင့်မှုသည် လွန်ခဲ့သည့်လများစွာကတည်းက ဆတိုးမြင့်တက်လျှက်ရှိပြီး ယခင်လက ပဲစဉ်းငုံ ဈေးနှုန်းမှာ ၃၉ ရာခိုင်နှုန်း၊ ပဲတီစိမ်း ၁၂.၆၂ ရာခိုင်နှုန်း၊ ကုလားပဲ ၁၃.၆၅ ရာခိုင်နှုန်းနှင့် မတ်ပဲ ၁၃.၇၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် ၂၀၂၂-၂၀၂၃ သီးနှံနှစ်တွင် ပဲမျိုးစုံ တန်ချိန် စုစုပေါင်း ၂၆.၀၅ သန်း စံချိန်တင်ထွက်ရှိခဲ့ပြီး ကုလားပဲမှာ စုစုပေါင်းထွက်ရှိမှု၏ ၅၀ ရာခိုင်နှုန်းထိရှိခဲ့ကြောင်းနှင့် အိန္ဒိယနိုင်ငံသည် ကုလားပဲနှင့် ပဲတီစိမ်း များထွက်ရှိမှုမှာ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံမှုရှိကြောင်း သိရှိရပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: India starts importing pulses from Brazil, Financial Express,

## အိန္ဒိယအစိုးရက အရန်ရိက္ခာသိုလှောင်မှုအနေဖြင့် ယခုနှစ်တွင် ကြက်သွန်နီတန်ချိန် ငါးသိန်း ဝယ်ယူရန် စီစဉ်လျှက်ရှိ

အိန္ဒိယအစိုးရက ကြက်သွန်နီဈေးနှုန်းမြင့်တက်လာပါက ဈေးကွက်အတွင်း ဝင်ရောက်ထိန်းကြောင်းနိုင်စေရန်အတွက် ယခုနှစ်တွင် ကြက်သွန်နီ တန်ချိန် ၅ သိန်း ဝယ်ယူရန် စီစဉ်နေ ကြောင်း၊ အိန္ဒိယအမျိုးသားစားသုံးသူရေးရာသမဝါယမအဖွဲ့ချုပ် (NCFF) နှင့် အိန္ဒိယအမျိုးသား သမဝါယမနှင့်ဈေးကွက်ရှာဖွေရေးအဖွဲ့ချုပ်(NAFED) ကဲ့သို့သော အေဂျင်စီများသည် အစိုးရကိုယ်စား ကြက်သွန်နီကို ဝယ်ယူမည်ဖြစ်ကြောင်းနှင့် စားနပ်ရိက္ခာနှင့် စားသုံးသူရေးရာဝန်ကြီး ဌာနသည် ယမန်နှစ်ကလည်း ကြက်သွန်နီ အရန်ရိက္ခာ တန်ချိန် ၅ သိန်း သိုလှောင်ခဲ့ပြီး ယင်း အနက် တန်ချိန် ၁ သိန်း ကျန်ရှိနေသေးကြောင်း သိရှိရသည်။

အစိုးရက အရန်သိုလှောင်ထားသည့် ကြက်သွန်နီများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းသည် ဈေးနှုန်းထိန်းချုပ်ရာတွင် အထောက်အကူဖြစ်ကြောင်း သတင်းရင်းမြစ်များအရ သိရှိရပြီး ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တားမြစ်ထားသည့် ကြက်သွန်တင်ပို့မှု တားမြစ်ချက်ကို ရုတ်သိမ်းရန် အစိုးရက ယခုလနှောင်းပိုင်းတွင် ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

အစိုးရ၏ ကြက်သွန်နီအရန်သိုလှောင်မှုအစီအစဉ်သည် 2023-24 ခုနှစ်အတွင်း ကြက်သွန်အထွက်နှုန်း ကျဆင်းလာချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ စိုက်ပျိုးရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာချက်အရ ယခင်နှစ်က ကြက်သွန်နီ တန်ချိန် ၃၀၂.၀၈ သိန်း ထွက်ရှိခဲ့သော်လည်း ၂၀၂၃-၂၄ ခုနှစ်တွင် မဟာရက်ရှ် ထရာပြည်နယ်၊ ကာနာတကာပြည်နယ်၊ အင်ဒရာပရာဒက်ရှ်ပြည်နယ်နှင့် ရာဂျစ်စတန်ပြည်နယ် တို့တွင်အထွက်နှုန်းများလျော့နည်းခဲ့သည့်အတွက်

တန်ချိန် ၂၅၄.၇၃ သိန်းဝန်းကျင်သာ ထွက်ရှိမည်ဟု မျှော်မှန်းထားကြောင်း၊ ၂၀၂၃-၂၄ တွင် ကြက်သွန်နီ ထုတ်လုပ်မှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ စာရင်းများအရ ၂၀၂၁-၂၂ တွင် ကြက်သွန်နီတန်ချိန် ၃၁၆.၈၇ သိန်း ထွက်ရှိခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယသည် ပွဲတော်ရာသီချိန်များဖြစ်သည့် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ကြက်သွန်နီဝယ်လိုအား များပြားသည့်အတွက် ကြက်သွန်နီဈေးနှုန်းများ ဆတိုးမြင့်တက်လေ့ရှိသည်ကို တွေ့ရှိရပြီး ယင်းအချိန်တွင် အစိုးရမှ သိုလှောင်ထားသည့် အရန်ကြက်သွန်များကို ဈေးကွက်အတွင်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းဖြင့် ဈေးကွက်ကို ထိန်းကြောင်းမှုများ ဆောင်ရွက်သည်မှာ အလုပ်ဖြစ်ခဲ့သည်ကို တွေ့ရှိရသဖြင့် သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Center plans to procure five lakh tonnes of onions this year for buffer stock, The Economic Times,

.................................................................................................................

**အိန္ဒိယတွင် တောင်သူလယ်သမားများ အနေဖြင့် ပဲမျိုးစုံနှင့် ဝါများအတွက် အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း ရရှိစေရန် သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိသည့် သီးနှံအမျိုးအစားများ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်**

နိုင်ငံတစ်ဝှမ်းရှိ တောင်သူများအနေဖြင့် ရေသုံးစွဲမှုများသည့် စပါးအမျိုးအစားများအစား သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိသည့် အခြားသီးနှံများကို လှည့်ပြောင်း၍ စိုက်ပျိုးမည်ဆိုပါက ပြောင်းနှင့် ဝါမှ အပ မတ်ပဲ၊ ပဲတီ စိမ်း၊ ပဲစင်းငုံတို့အပါအဝင် ပဲမျိုးစုံကို အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း (MSP) ဝယ်ယူရန် အဆင်သင့်ဖြစ်နေပြီဟု အစိုးရတာဝန်ရှိသူတစ်ဦးက သောကြာနေ့ကပြောကြားခဲ့ကြောင်းနှင့် ၎င်းသည် 'Bharat' အမှတ်တံဆိပ်အောက်တွင် မတ်ပဲကို စားသုံးသူများအား သက်သာသည့် ဈေးနှုန်းများဖြင့် စတင်ရောင်းချသွားမည်ဖြစ် ကြောင်းသိရှိရသည်။

အဆိုပါ အရာရှိက တောင်သူများ၏ ထုတ်ကုန်ပစ္စည်းများအား MSP ဖြင့် ငါးနှစ်တာ ဝယ်ယူဖို့ အာမခံချက်ပေးထားကြောင်း၊ ယင်းဆောင်ရွက်ချက်သည် လယ်သမားများအား အခြားသီးနှံများအား လှည့်ပြောင်းစိုက်ပျိုးစေရန် အားပေးမှုဖြစ်စေမည်ဖြစ်ပြီး ဒေသအများအပြားတွင် မြေအောက်ရေပမာဏ ပုံမှန်အတိုင်း ပြန်လည်ရရှိစေရန် ကူညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယဗဟိုအစိုးရသည် လွန်ခဲ့သည့်လကတည်းက ဆန္ဒပြနေသည့်ပန်ဂျပ်နှင့် ဟာရီနာပြည်နယ်မှ လယ်သမားများအား သီးနှံ ၂၂ မျိုးအတွက် အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်းများအတွက် တရားဝင် အာမခံချက်ပေးရန် ဤအဆိုပြုချက်ကို ကနဦးတွင်ကမ်းလှမ်းခဲ့သည်။

စီမံချက်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ အိန္ဒိယအမျိုးသားစားသုံးသူရေးရာသမဝါယမ အဖွဲ့ချုပ် (NCFF) နှင့် အိန္ဒိယအမျိုးသား သမဝါယမနှင့်ဈေးကွက်ရှာဖွေရေးအဖွဲ့ချုပ်(NAFED) ကဲ့ သို့သော အစိုးရသမဝါယမ အေဂျင်စီများသည် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုမရှိသည့် သီးနှံများအား ပြောင်းလဲစိုက်ပျိုးမည့်လယ်သမားများထံမှ ပြောင်း၊ ဝါနှင့် ပဲမျိုးစုံတို့ကို MSP ဖြင့် ဝယ်ယူရန် သဘောတူညီချက်များ လက်မှတ်ရေးထိုးမည်ဖြစ်သည်။

သီးနှံဝယ်ယူရေးလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန်၊ ပွင့်လင်းမြင်သာမှုရှိပြီး တောင်သူလယ်သမားများကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကဒ် (Aadhaar) ကို အသုံးပြု၍ မှတ်ပုံတင်ပြီး လွယ်ကူစွာအသုံးပြုနိုင်မည့် အချက်အလက်ဝဘ်ဆိုဒ် (Portal) တစ်ခုကို လွှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဝယ်ယူမှုပမာဏကိုလည်း ကန့်သတ်ထားမည်မဟုတ်ကြောင်း အဆိုပါအရာရှိက ဆက်လက်ပြောကြားသည်။

အစိုးရသည် အချက်အလက်ဝဘ်ဆိုဒ် (Portal) တွင် တောင်သူများ၏ ထွန်ယက်စိုက်ပျိုးနိုင်သောမြေ၊ သီးနှံစိုက်ပျိုးမှု၊ ၎င်းတို့၏မြေနေရာနှင့်စပ်လျဉ်း၍ ရာသီဥတုခန့်မှန်းချက်၊ တောင်သူများမှတ်ပုံတင်ရေးနှင့် တစ်ခုတည်းသောအကျိုးခံစားခွင့်သတင်းအချက်အလက်စနစ် (အသီးအနှံများ) ဆိုင်ရာအချက်အလက်များကို စုစည်းဖော်ပြနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းသည် လယ်သမားများအတွက် အမျိုးမျိုးသော စီမံချက်များကို အကောင်အထည်ဖော်ရာတွင် ပိုမိုလွယ်ကူစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းနှင့် ဗဟိုအစိုးရသည် ကောက်ပဲသီးနှံနှင့် အထွက်နှုန်းခန့်မှန်းချက်ဆိုင်ရာ အချက်အလက်များကို ပိုမိုတိကျစွာ စုဆောင်းနိုင်မည်ဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားခဲ့သည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် ကောက်ပဲသီးနှံများအတွက် အနိမ့်ဆုံးပံ့ပေးသတ်မှတ်ဈေးနှုန်းအား အစိုးရမှအာမခံပေးရန် တောင်သူများမှ ဆန္ဒပြလျက်ရှိရာ အစိုးရ၏ သီးနှံစိုက်ပျိုးရေး မူဝါဒများနှင့်အညီ အပေးအယူလုပ်၍ ညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေများအား သိရှိနိုင်ပါရန်နှင့် လယ်ယာစိုက်ပျိုးရေးတွင် ဒီဂျစ်တယ်နည်းပညာများအသုံးပြု၍ အချက်အလက်များရယူ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များကို သိရှိလေ့လာဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: Crop diversification to fetch farmers MSP for pulses, cotton, The Economic Times,

Agribusiness & Trade

## ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

၁။ ဖေဖော်ဝါရီလတွင် သကြားနှင့် အသားဈေးနှုန်းညွှန်းကိန်း အနည်းငယ် မြင့်တက်ခြင်းမှလွဲ၍ FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း (FAO Food Price Index) သည် သတ္တမမြောက်လအဖြစ် ဆက်လက်ကျဆင်းခဲ့ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ၈-၃-၂၀၂၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါသဖြင့် တင်ပြအပ်ပါသည်။

၂။ အဆိုပါသတင်းထုတ်ပြန်ချက်တွင် အောက်ပါအချက်များ အဓိက ဖော်ပြပါရှိပါသည် -

- ဖေဖော်ဝါရီလတွင် FAO စားနပ်ရိက္ခာ ဈေးနှုန်းညွှန်းကိန်းသည် ဇန်နဝါရီလထက် ၀.၇ ရာခိုင်နှုန်း ဆက်လက် ကျဆင်းခဲ့ပြီး ပျမ်းမျှ ၁၁၇.၃ မှတ် ရှိခဲ့ကြောင်း၊
- နှံစားသီးနှံ ဈေးနှုန်းညွှန်းကိန်းသည် ယခင်လထက် ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ရှိခဲ့သည့် ညွှန်းကိန်းအောက် ၂၂.၄ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း၊ တောင်အမေရိကနိုင်ငံတွင် ပြောင်းသီးနှံများ ရိတ်သိမ်းလျက်ရှိခြင်းနှင့် ယူကရိန်းနိုင်ငံတွင် ဈေးနှုန်းပြိုင်ဆိုင်မှု အားကောင်းခဲ့ခြင်းတို့အကြား ပြောင်းဆံဈေးနှုန်းများ ကျဆင်းခဲ့ပြီး၊ နိုင်ငံတကာ ပြောင်းဆံဈေးနှုန်းသည်လည်း ရုရှားနိုင်ငံမှ ပြောင်းဆံတင်ပို့မှု ခိုင်မာအားကောင်းခဲ့မှုကြောင့် ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း၊ အလားတူ နိုင်ငံတကာဆန်ဈေးနှုန်းသည်လည်း ၁.၆ ရာခိုင်နှုန်း ထပ်မံ ကျဆင်းခဲ့ကြောင်း၊
- ဟင်းသီးဟင်းရွက်ဆီ ဈေးနှုန်းညွှန်းကိန်းသည် ယခင်လထက် ၁.၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ရီလတွင် ရှိခဲ့သည့် ဈေးနှုန်းအောက် ၁၁ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း၊ တောင်အမေရိကတွင် ပဲပိစပ်အမြောက်အများ တင်ပို့နိုင်ခြေ အလားအလာကြောင့် နိုင်ငံတကာ ပဲပိစပ်ဆီဈေးနှုန်းများ သိသိသာသာ ကျဆင်းခဲ့ကြောင်း၊ အလားတူ နေကြာဆီနှင့် မုန်ညင်းဆီများ ကမ္ဘာ့အဝန်း တင်ပို့ရောင်းချမှု မြင့်တက်ခဲ့ခြင်းကြောင့် ယင်းတို့ ၏ ဈေးနှုန်းများလည်း ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် ရာသီအလိုက် စားအုန်းဆီသီးနှံထုတ်လုပ်မှုကျဆင်းမှုကြောင့် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းများ သိသိသာသာ မြင့်တက်ခဲ့ကြောင်း၊
- ဘရာဇီးလ်နိုင်ငံတွင် ကာလရှည် ပျမ်းမျှ မိုးရေချိန်အောက် ရွာသွန်းခဲ့မှုကြောင့် ကြံဖြစ်ထွန်းမှုအပေါ် စိုးရိမ်မှုများ မြင့်တက်မှုနှင့် သကြား အဓိက ထုတ်လုပ်သည့် ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့တွင် ကြံစိုက်ပျိုးမှု ကျဆင်းနိုင်ကြောင်း ခန့်မှန်းချက်တို့ကြောင့် FAO သကြားဈေးနှုန်းညွှန်းကိန်းသည် ဖေဖော်ဝါရီလတွင် ၃.၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊
- ကြက်/ဘဲ အသားဈေးနှုန်းသတ်မှတ်ချက်များ သိသိသာသာ မြင့်တက်နေစဉ် ဩစတြေးလျနိုင်ငံတွင် ကျွဲ/နွား သယ်ယူပို့ဆောင်ရေးအပေါ် မိုးသည်းထန်စွာ ရွာသွန်းမှု၏ သက်

ရောက်မှုကြောင့် အမဲသားဈေးနှုန်းများ မြင့်တက်ခဲ့ပြီး၊ FAO အသားဈေးနှုန်းညွှန်းကိန်းသည် ယခင်လထက် ၁.၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဝက်သားဈေးနှုန်းသည်လည်း တရုတ်နိုင်ငံမှ ဝယ်လိုအား မြင့်တက်မှုနှင့် အနောက်ဥရောပနိုင်ငံများတွင် ဝက်သားတင်ပို့မှု ကျဆင်းခဲ့မှုတို့ကြောင့် ဈေးနှုန်း အနည်းငယ် မြင့်တက်ခဲ့ကြောင်း၊ သို့ရာတွင် ဩစတြေးလျနိုင်ငံတွင် သိုးမွေးမြူရေးလုပ်ငန်း ပြန်လည် ထူထောင်ရေးလုပ်ဆောင်ခဲ့ပြီးနောက် သိုးသား စံချိန်တင် ထုတ်လုပ်နိုင်မှုကြောင့် နိုင်ငံတကာသိုးသားဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း၊

- FAO နို့ထွက်ပစ္စည်း ဈေးနှုန်းညွှန်းကိန်းသည် အာရှကုန်သည်များ၏ ထောပတ်ဝယ်ယူတင်သွင်းမှု မြင့်တက်မှုကြောင့် ဖေဖော်ဝါရီလတွင် ဈေးနှုန်း ၁.၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ဆက်စပ်ပစ္စည်းများဖြစ်သော နို့မှုန့်နှင့် ဒိန်ခဲဈေးနှုန်းများလည်း သိသိသာသာ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာသံရုံး

ရောမမြို့

..............................................................................................................

Agribusiness & Trade